ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၅၇)

နေ့စွဲ – ၁၂. ၁၂. ၁၀

## ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်စောင်မတော်မူခြင်းအကြောင်း
(Preservation and Providence)

ဘုရားသခင့်စောင်မတော်မူခြင်း၏အသွင်အပြင်တစ်ခုကို "ထိန်းသိမ်းစောင့်ရှောက်ခြင်း"ဟုခေါ်ပါသည်။ ထိုစကားလုံးဖြင့် ကျွန်တော်တို့ ဆိုလိုချင်သည်မှာ မိမိ၏သတ္တဝါအားလုံးကို အသက်ပေးသူ၊ ဖြစ်တည်မှုပေးသူသည် ဘုရားသခင်ဖြစ်သည်၊ သူတို့၏ဆက်လက်ရှင်သန်ခြင်းကို ထိန်းသိမ်းပေးသူသည် ဘုရားသခင်ဖြစ်သည်။ သူသည် သားရဲများ၊ ငှက်များ၊ နက္ခတာရာများ၊ ကြယ်များ၊ မြက်ပင်များ၊ သစ်ပင်များ ကဲ့သို့သော အဆင်အခြင်ကင်းမဲ့သည့် ဖန်ဆင်းခံများအပေါ်တွင်သာမဟုတ်၊ လူများ၊ ကောင်းကင်တမန်များ၊ နတ်ဆိုးများတို့အပေါ်သို့ပင် ထိုသို့ပြုတော်မူခြင်းဖြစ်သည် (ဆာလံ ၁၀၄း၁၀–၂၄၊ လုကာ ၈း၂၆–၃၃)။ သူ့အထဲ၌ ဖန်ဆင်းခံအားလုံးတို့သည် အသက်ရှင်ကြသည်၊ လှုပ်ရှားသွားလာကြသည်၊ မိမိတို့ဖြစ်တည်မှုများကို ရရှိကြပါသည် (တမန် ၁၇း၂၈)။

၎င်းသည် ကြီးမြတ်သောအမှန်တရားဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် မိမိ၏အနန္တတန်ခိုးတော်အားဖြင့် တစုံတခုသောအရာနှင့်၎င်း၊ ထိုအရာထဲ၌၎င်း  အဆက်မပြတ် မရှိပါလျှင် ထိုအရာသည် ဆက်လက် မတည်ရှိနိုင်ပါ၊ ဘုရားသခင်က အမြဲတမ်း ၎င်းကို ထောက်မထားပါသည်။ မည်သည့်အရာမှ မိမိတို့ဘာသာမိမိတို့ ဖြစ်တည်မနေပါ၊ ဘုရားသခင်ကြောင့်သာ ဖြစ်တည်နေကြပါသည်။ ထိုအချက်သည် ဤစာကိုရေးဖို့ ကျွန်တော်ထိုင်နေသော ထိုင်ခုံအတွက် မှန်သလို၊ နေ၊ လတို့ မိမိတို့ပတ်လမ်းများတွင် အမြဲရှိနေခြင်း၌လည်း မှန်နေပါသည်။

ထို့ကြောင့် ဖန်ဆင်းခြင်းအတွင်း၌ရှိနေသော စနစ်တကျရှိခြင်း၊ ဟန်ချက်ညီမျှတနေခြင်းတို့သည် သဘာဝဥပဒေသများဟု ခေါ်နေကြသည့်အရာများကြောင့် ဖြစ်နေသည်မဟုတ်ပါ၊ ဘုရားသခင် နေရာတိုင်း၌ရှိနေခြင်းကြောင့်သာဖြစ်ပါသည်။ သူ၏အနန္တတန်ခိုးတော်ကြောင့်သာ ဖြစ်ပါသည်။ နွေဦး၊ နွေရာသီ၊ ဆောင်းဦး၊ ဆောင်းရာသီတို့သည် နှစ်တိုင်း ပုံမှန် ရောက်လာကြပါသည်၊ ထိုသို့ ရောက်လာကြခြင်းသည် သဘာဝဥပဒေသများကြောင့် မဟုတ်ပါ၊ ဘုရားသခင်က သစ္စာရှိစွာ ၎င်းတို့ကို ပို့ပေးလိုက်၍ ရောက်လာကြပါသည်။ ဂြိုဟ်နက္ခတ်များ မိမိတို့လမ်းကြောင်းများအတိုင်း သွားနေကြခြင်းသည် သဘာဝဥပဒေသများကို နာခံကြ၍မဟုတ်ပါ၊ သူတို့ကို လမ်းညွှန်နေသော၊ ဂိုက်လိုင်းပေးနေသော ဘုရားသခင်ကို နာခံကြသောကြောင့်ဖြစ်ပါသည်။

ထိုဖန်ဆင်းခြင်းထဲရှိ ဘုရားသခင်၏လှုပ်ရှားတော်မူခြင်းသည်၊ လူတိုင်းထံသို့ မိမိရှိကြောင်း သက်သေပေးနေသည့်နည်းလမ်းတခုဖြစ်ပါသည် (တမန် ၁၇း၂၄–၂၈၊ ရောမ ၁း၁၈–၂၀)။ တရားစီရင်ခြင်းနေ့ရက်ရောက်ချိန်တွင် မည်သူကမျှ ဘုရားသခင်ကို "ငါ ခင်ဗျားကို မသိလိုက်မိဘူးကွာ"ဟု ပြောနိုင်ကြမည်မဟုတ်ပါ။ ထိုသို့ သူတို့သည် ဆင်ခြေတက်နိုင်ကြမည်မဟုတ်ပါ၊ ထိုဖန်ဆင်းခြင်းထဲရှိ ဘုရားသခင်၏သက်သေသည် လူတိုင်းအတွက် ကယ်တင်ခြင်းကိုပေးသော ဖွင့်ပြတော်မူချက်တော့မဟုတ်ပါ။

ထိုသို့ ဘုရားသခင်၏ သစ္စာရှိခြင်းနှင့်တန်ခိုးတော်တို့၏ သက်သေများအလယ်တွင် နေထိုင်ကြလျက်နှင့် လူတို့က သူ့ကို မချီးမွမ်းကြခြင်းသည် ရက်ဖွယ်လိလိဖြစ်နေပါသည် (ရောမ ၁း၁၈)။ အထူးသဖြင့် ဘုရားသခင်က သူတို့အတွက် အရာခပ်သိမ်းကို ထိန်းသိမ်းစောင့်ရှောက်ကာ စောင်မတော်မူနေခြင်းကြောင့် ဖြစ်ပါသည်။ သူ့အားကျေးဇူးတင်လျက် ချီးမွမ်းကြရမည့်အစား၊ သူတို့သည် ရုပ်တုများနှင့် မသန့်ရှင်းခြင်းများသို့ ချိုးကွေ့သွားကြပါသည်။ ရှင်ပေါလုက ရောမ ၁ တွင်ပြောထားသကဲ့သို့ဖြစ်ကြသည်။

ထို့ကြောင့် ရုပ်တုကိုးကွယ်ခြင်းသည် ဘုရားသခင်ကို ရှာဖွေခြင်းမဟုတ်ပါ၊ သူ့ထံမှ ချိုးကွေ့သွားခြင်းသာဖြစ်ပါသည်။ တချိန်ထဲတွင် ရုပ်တုကိုးကွယ်ခြင်းက၊ အရိုင်းအစိုင်းများသည်ပင်လျှင် စစ်မှန်သောဘုရားသခင်နှင့်ပတ်သက်၍ တစုံတခုကိုတော့ သိကြပါသည်ဟု သက်သေပြနေပါသည်။ သူ့ထံတော်မှ ချိုးကွေ့သွားကြသူများဖြစ်သဖြင့် ဘုရားသခင်သည် သူတို့ကို ကမ်းကုန်အောင်ဆိုးညစ်အပြစ်ပြုခြင်းထဲသို့ ပို့လိုက်ပါသည်၊ အထူးသဖြင့် လိင်တူဆက်ဆံခြင်းအပြစ်ထဲသို့ ပို့လိုက်ပါသည် (ရောမ ၁း၂၄–၂၇)။ သို့သော် ထိုအချက်ကိုယ်၌က သူတို့သည် ဘုရားသခင်ကို သိကြသည်ဟု သက်သေပြနေပါသည်။

ထိုဆိုးရွားလှသောအပြစ်များသည် ကျေးဇူးမတင်တတ်သော ထိုသူတို့အတွက် ဖြောင့်မတ်သင့်တော်လှသော ဒဏ်ပေးခြင်းဖြစ်ပါသည်။ အဟိတ်တိရစ္ဆာန်များကဲ့သို့ ပြုမူကြကာ၊ ဘုရားသခင်ကို မသိကြ၍၊ ဘုရားသခင်က သူတို့ကို ပို၍အပြစ်များကိုပြုကြခြင်းအတွင်းသို့ ပစ်ချလိုက်သောအခါ၊ အဟိတ်တိရစ္ဆာန်များထက်ဆိုးဝါးသူများ ဖြစ်လာကြပါသည်၊ တိရစ္ဆာန်များပင်မလုပ်သောဒုစရိုက်များကို ပြုလုပ်ကြတော့သည်။

ဘုရားသခင်၏ ဖန်ဆင်းခြင်းထဲတွင် မျက်မှောက်ရှိနေခြင်းနှင့်ထိန်းသိမ်းစောင့်ရှောက်သောတန်ခိုးတို့သည် ထိုဘုရားသခင်ကို သခင်ခရစ်တော်အားဖြင့် သိနေကြသော၊ ချစ်ကြသော ယုံကြည်သူများအတွက်မူ အံ့ဩစရာကောင်းလှသောသက်သေများ ဖြစ်ကြပါသည်။ မိမိသည် ဘုရားသခင်ထဲ၌ အသက်ရှင်နေသည်၊ လှုပ်ရှားနေသည်၊ မိမိ၏ဖြစ်တည်မှုကို ရနေသည်ဟု သိနေသူအတွက် မည်သည်ကိုမျှ ကြောက်ရွံ့နေမည်မဟုတ်ပါ၊ အမြဲတမ်း ကျေးဇူးတင်နေမည်သာဖြစ်ပါသည်။ သူ၏ဝိညာဉ်ရေးအသက်ကို ဘုရားသခင်က ထိန်းသိမ်းလျှက် ကာကွယ်ပေးသောကြောင့်သာ မကပါ၊ ဘုရားသခင်က သူ့အား နေ့စဉ်နေ့တိုင်း ရှင်သန်ခြင်း၊ အသက်ရှူခြင်းနှင့် အရာခပ်သိမ်းကို ပေးနေခြင်းကြောင့်လည်း ကျေးဇူးတင်ရခြင်းဖြစ်ပါသည် (တမန် ၁၇း၂၅)။ အသက်ကို ပေးသူ၊ ထိန်းသိမ်းပေးသူသည်၊ သူပေးသောအသက်ကို တနေ့သောအခါ ပြန်ယူဦးမည်ဟု သူသည် စိတ်ချစွာ ငြိမ်သက်ခြင်းနှင့် အေးချမ်းစွာ သေမည်ဖြစ်ပါသည်။ သေခြင်း၌ပင် ဘုရားသခင်သည် သူ၏လူများအတွက် သစ္စာရှိသောဖခင်ဖြစ်ပါသည်။

## အုပ်ချုပ်ခြင်းနှင့်စောင်မတော်မူခြင်းအကြောင်း
## (Government and Providence)

ဘုရားသခင့်စောင်မတော်မူခြင်း၏ အခြားအသွင်အပြင်တခုမှာ သူ၏ အရာခပ်သိမ်းကို အုပ်ချုပ်တော်မူခြင်း၊ အုပ်စိုးတော်မူခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် အုပ်စိုးတော်မူကြောင်း ကျမ်းစာက ရှင်းစွာ သင်ပါသည် (ဆာလံ ၂း၂–၄)။ အရာခပ်သိမ်းကို အုပ်စိုးသူ၊ စောင်မတော်မူသောသူအနေနှင့် ဘုရားသခင်သည် “မင်္ဂလာရှိသော၊ တပါးတည်းသောအရှင် ဖြစ်တော်မူထသော ဘုရင်တကာတို့၏ဘုရင် သခင်တကာတို့၏သခင်” ဖြစ်တော်မူပါသည် (၁တိ ၆း၁၅)။

ထို ဘုရားသခင်၏ စောင်မတော်မူခြင်းအုပ်စိုးမှုဆိုသည်မှာ၊–

အားလုံးအကျုံးဝင်သော(all-compassing) အုပ်စိုးခြင်း။ ဘုရားသခင်က အစိုးရတော်မူစွာ မအုပ်ချုပ်သော အရာ တခုမှမရှိပါ၊ စာတန်နှင့်အပြစ်တို့လည်း အုပ်စိုးတော်ခြင်းအောက်တွင်ဖြစ်ပါသည်(ယောဘ ၁း၁၂၊ ၂း၆)။

အစိုးရတော်မူသော(sovereign)အုပ်ချုပ်ခြင်းဖြစ်သည်။ ဘုရားသခင်က အရာခပ်သိမ်းကိုအုပ်ချုပ်သည်အခါ၊ အရာခပ်သိမ်းက သူ၏အလိုတော်နှင့်ရည်ရွယ်ချက်ကို ထမ်းဆောင်ကြရန် အုပ်ချုပ်ခြင်းမျိုးဖြစ်သည်၊ မည်ကာမတ္တအုပ်ချုပ်ခြင်းမျိုး မဟုတ်ပါ။ လူသားများ၊ ကောင်းကင်တမန်များ၊ စာတန်နှင့်နတ်ဆိုးများကို အုပ်ချုပ်သည့်အခါ၊ ၎င်းဖန်ဆင်းခံတို့၏ အလိုဆန္ဒများနှင့်ရောနှောလျှက် အုပ်ချုပ်ခြင်းမဟုတ်၊ ၎င်းတို့၏အလိုဆန္ဒများအပေါ်လည်း တည်မှီခြင်းမရှိဘဲ အုပ်ချုပ်ခြင်းဖြစ်သည် (ယောဘ ၉း၁၂)။

ဖြောင့်မတ်သော(righteous)အုပ်ချုပ်ခြင်း။ ဘုရားသခင်က အရာခပ်သိမ်းကို အုပ်ချုပ်သည့်အခါ၊ လူသားများ၊ ကောင်းကင်တမန်များ၊ နတ်ဆိုးများ၏ လုပ်ကိုင်လှုပ်ရှားမှုများအတွက် ရောက်လာမည့်တာဝန်ယူရမှုများကို သူတို့အပေါ်၌သာ ရှိနေစေလျှက် အုပ်ချုပ်ခြင်းဖြစ်သည်။ ဘုရားသခင်က သူတို့၏အပြုအမူလှုပ်ရှားမှုများအားလုံးကို ထိန်းချုပ်ထားပါသော်လည်း၊ မဖြစ်မနေ ဖြစ်လာစေပါသော်လည်း၊ သူတို့လုပ်သည့်ဆိုးညစ်မှုများအတွက် ဘုရားသခင်ကို အပြစ်တင်၍မရပါ(ရောမ ၉း၁၇–၂၀)။

ရည်ရွယ်ချက်အပြည့်နှင့်အုပ်ချုပ်ခြင်း(purposeful)။ ဘုရားသခင်သည် အုပ်စိုးယုံတင်မကပါ၊ မိမိ၏ ပြည့်စုံသော အစီအစဉ်အတိုင်း အုပ်ချုပ်ခြင်းဖြစ်သည်၊ အရာခပ်သိမ်းက ထိုအစီအစဉ်ကို မဖြစ်မနေ လိုက်လုပ်ကြရသည်၊ ထိုအစီအစဉ်ကို အကောင်အထည်ဖေါ်ကြပါသည်။ နည်းသည့်အရာမျှ မတော်တဆ ဖြစ်မလာကြပါ။ မည်သည့်အရာကမျှ ဘုရားသခင်ကို ထိတ်လန့်သွားအောင် မလုပ်နိုင်ကြပါ၊ သူ၏စိတ်နှင့်အလိုဆန္ဒတော်ကို ပြောင်းလဲအောင် မလုပ်နိုင်ကြပါ(ဆာလံ ၁၁၅း၃၊ ၁၃၅း၆၊ ရောမ ၉း၂၁–၂၂)။ အရာအားလုံးက ဘုရားသခင့်လူများအတွက် ကောင်းခြင်းများကိုသာ လုပ်ပေးနေကြသည်ဆိုသော်လည်း၊ ကျန်သောလူများအတွက် အပြစ်စီရင်ခံရခြင်းထဲသို့ ရောက်အောင် လုပ်ပေးနေကြသည်ဆိုသော်လည်း၊ ထိုအကြောင်းအရာအားလုံးကို သိမြင်နားလည်ဖို့တော့ မလွယ်ကူလှပါ။ ကျွန်တော်တို့သည် ယုံကြည်ခြင်းဖြင့်အသက်ရှင်ကြပါသည်၊ မြင်ရခြင်းဖြင့် အသက်မရှင်ကြပါ (၂ကော ၅း၇)။

ကျေးဇူးတော်ပြည့်ဝသော(gracious)အုပ်ချုပ်ခြင်း။ သူ့လူများအကျိုးအတွက် ဘုရားသခင်က အရာခပ်သိမ်းကို အုပ်ချုပ်သည် (ရော ၈း၂၈)။ အရာခပ်သိမ်းက သူ့အလိုလို ဘုရားသခင်၏လူများအတွက် ကောင်းခြင်းများကို

လုပ်ပေးကြသည်မဟုတ်၊ ဘုရားသခင်က အရာခပ်သိမ်းကို ကျွန်တော်တို့၏ကယ်တင်ရှင် သခင်ယေရှုအားဖြင့် ထိန်းချုပ်၍၊ လမ်းညွှန်နေ၍ ထိုသို့လုပ်ပေးကြခြင်းဖြစ်ပါသည်။

သို့သော် ဘုရားသခင်၏အုပ်ချုပ်ခြင်းသည် လူတိုင်းအတွက်တော့ ကျေးဇူးတော်ပြည့်ဝသောအုပ်ချုပ်ခြင်း မဟုတ်ပါ။ ဘုရားမသိသောသူများအပေါ် သူ၏အုပ်ချုပ်ခြင်းသည်၊ သူ၏လူများအပေါ် အုပ်ချုပ်ခြင်းနှင့် ပြောင်းပြန်ဖြစ်ပါသည်။ တရားစီရင်သော ငရဲရောက်စေမည့် အုပ်ချုပ်ခြင်းဖြစ်သည်။ ထိုလူများက ဘုရားသခင်၏အုပ်ချုပ်ခြင်းကို ငြင်းဆန်ကြသောကြောင့်၊ ဘုရားသခင်ပေးသော လက်ဆောင်များကို အထင်သေးကြသောကြောင့်သာ မကပါ၊ ဘုရားသခင်ကိုယ်၌က သူတို့၏ပျက်ဆီးခြင်းရောက်ဖို့၊ တရားစီရင်ခြင်းသို့ရောက်ဖို့ တက်ကြွစွာ အုပ်ချုပ်နေတော်မူသောကြောင့်ဖြစ်ပါသည်။ ထိုသို့ပြော၍ ဘုရားသခင်က သူတို့ကို ကောင်းသောအရာများ ပေးမထားပါဟု ငြင်းဆိုခြင်းမဟုတ်ပါ – အသက်ရှင်ခြင်း၊ စားစရာ၊ နားခိုစရာ၊ ကြွယ်ဝခြင်းများနှင့် ကောင်းသောအရာအမြောက်အများကို ပေးထားပါသည် – သို့သော် မည်သည့်အခါတွင်မျှ ထိုအရာများကို ချစ်၍ပေးခြင်းမဟုတ်ပါ။ ကျေးဇူးတော်ကြောင့် ပေးခြင်းမဟုတ်ပါ။

ဤ ဘုရားသခင်၏စောင်မတော်မူခြင်းမှအုပ်ချုပ်ခြင်းကို ယုံကြည်ရပါမည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ မြင်တွေ့နေရသော အဖြစ်အပျက်များသည်၊ အမြဲတမ်း ဘုရားသခင်၏ ဉာဏ်ပညာတော်မှနေ၍ အုပ်ချုပ်နေသည့်ပုံဖြင့် မတွေ့ရသောကြောင့်ဖြစ်သည်။ စည်းစနစ်ကျခြင်းကိုတွေ့ရမည့်အစား၊ စည်းစနစ်မကျမှုများကိုသာ ဖန်ဆင်းခြင်းနှင့်လူ့သမိုင်းသဘာဝထဲတွင် တွေ့နေရပါသည်။ ဖြောင့်မှန်ခြင်းကို တွေ့ရမည့်အစား၊ မတရားမှုများကိုသာ တွေ့နေရပါသည်။ သမိုင်းနှင့်ဖန်ဆင်းခြင်းထဲတွင် ဗရမ်းဗတာဖြစ်မှုများ၊ ဖရိုဖရဲဖြစ်နေမှုများဟု ထင်ရသည်များကိုသာ တွေ့နေရပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ ယုံကြည်ခြင်းက ဘုရားသခင်သည် အားလုံးကို ထိန်းချုပ်ထားသည်၊ မည်သည့်အရာမှ မတော်တဆမဖြစ်၊ အားလုံးသည် ယုံကြည်သူတို့ကောင်းဖို့ချည်းကိုသာ လုပ်ပေးနေကြပါသည်ဟု ယုံကြည်ကာ၊ ဝန်ခံချက်ပြုနေပါသည်။ အရာခပ်သိမ်းက ယုံကြည်သူတို့အတွက် ကောင်းခြင်းများကိုသာ မဖြစ်မနေလုပ်ပေးကြရမည်ဟု ယုံကြည်ခြင်းက ခိုင်မာစွာ ဆွဲကိုင်ပါသည်။ အရာခပ်သိမ်းသည် အတူတကွစုပေါင်း၍ ဘုရားသခင်ကိုချစ်သောသူတို့အတွက် ကောင်းခြင်းများကိုသာ လုပ်ပေးကြရမည်ဖြစ်သည်။

## ဘုရားသခင်၏အားလုံးအကျုံးဝင်သောစောင်မတော်မူခြင်း

(God's All-encompassing Providence)

ဘုရားသခင်၏စောင်မတော်မူခြင်းသည် အရာခပ်သိမ်းအတွက်ဖြစ်ကြောင်း၊ ကောင်းကင်ပေါ်၊ မြေကြီးပေါ်၊ ငရဲထဲရှိ အရာအားလုံးပေါ်ဖြစ်ကြောင်းကို ပြင်းထန်နိုင်သမျှအပြင်းထန်ဆုံးဖြင့် အထူးပြုရပါမည်။ ထိုသို့ပြောခြင်းသည် ဘုရားသခင် တကယ်အစိုးရတော်မူပါသည်ဟု နောက်တမျိုးဖြင့်ပြောခြင်း ဖြစ်ပါသည်။ ကျမ်းစာက ဘုရားသခင်သည် အစိုးရတော်မူစွာ အောက်ပါတို့ကို အုပ်ချုပ်သည်ဟု ပြောနေပါသည်၊–

= ကောင်းကင်တမန်များ (ဆာလံ ၁၀၃း၂၀၊၂၁)
= စာတန်/နတ်ဆိုးများ (ယောဘ ၁း၁၂၊ ၂း၆)
= လူအားလုံး (ယေရမိ ၁၀း၂၃၊ တမန် ၁၇း၂၈)
= လူတို့၏နှလုံးသားများ (သုတ္တံ ၁၆း၉)
= လူတို့၏လှုပ်ရှားပြုမူမှုများ (သုတ္တံ ၁၆း၉)
= လူတို့၏အတွေးများ၊ စကားလုံးများ (သုတ္တံ ၁၆း၁)
= လူအားလုံးတို့၏ အပြစ်နှင့်ပြည့်စုံသော ပြုလုပ်ခြင်းများအားလုံး (ဆာလံ ၃၃း၁၀၊ သုတ္တံ ၁၆း၄၊ အာမုတ် ၃း၆၊ တမန် ၂း၂၃)
= မိမိလူတို့၏အပြစ်များ (ဟောရှာ ၆၃း၁၇)
= လူတို့၏နှလုံးသားများ အပြစ်ထဲတွင် ခိုင်မာခြင်း (ထွက် ၄း၂၁၊ ရောမ ၉း၁၈)
= ရာသီဥတုနှင့် ဥတုဖြစ်စဉ်များ (တမန် ၁၄း၁၇)
= ကြယ်များ၊ ဂြိုဟ်များ (ဆာလံ ၁၀၄း၁၉)
= ဖန်ဆင်းခြင်းထဲမှ ကြီးမားသောအရာများ (ယေ ၅း၂၄၊ ဒံ ၄း၃၅)
= အသေးဆုံးအရာများ၊ အရေးမပါလွန်းပါဟု ထင်ရသောအရာများ (မဿဲ ၁၀း၂၉၊၃၀)
= သဘာဝဘေးဒုက္ခများဟုခေါ်ကြသောအရာများ၊ နှစ်သက်ဖွယ်မကောင်းသည့် အဖြစ်အပျက်များ (ဆာလံ ၁၀၅း၂၉၊ ၁၄၈း၈)

= စစ်နှင့်ငြိမ်းချမ်းရေး (ဟောရှာ ၄၅း၇)
= ရှင်ခြင်းနှင့်သေခြင်း (ကမ္ဘာ ၄း၁၊ဆာလံ ၃၁း၁၅၊ ၁၀၄း၂၈၊၂၉)
= အရာအားလုံး (ဆာလံ ၁၀၃း၁၉)

သို့သော် ဘုရားသခင်၏စောင်မတော်မူခြင်းသည် အုပ်ချုပ်ခြင်းမျှသာမဟုတ်ပါ။ ထိုအချက်ကို မမေ့ကြရပါ၊ သူသည် အရာခပ်သိမ်းကိုလည်း ဖြစ်ပေါ်လာစေပါသည်၊ လမ်းညွှန်လျက် ထိန်းချုပ်သည်၊ သူ၏ရည်ရွယ်ချက်နှင့်စိတ်ကျေနပ်မှုကိုရောက်ရန်၊ ပြည့်စုံရန် အရာအားလုံးကို အသုံးပြုပါသည် (ထွက် ၃း၁၉၊၂၀၊ ဟောရှာ ၄၄း၂၈၊ ၄၆း၉–၁၀၊ ဧဖက် ၁း၅၊ ဖိ ၂း၁၃)။

စောင့်မတော်မူခြင်းသည် အံ့သြစရာကောင်းသလို လျှို့ဝှက်ဆန်းကြယ်လှပါသည်။ ဘုရားသခင်ကဆိုးညစ်ခြင်းများ၊ ဆိုးညစ်စွာပြုမူသူများအပါအဝင် အရာခပ်သိမ်းကို အသုံးပြုလျက်၊ ထိုသူတို့ပြုသောဆိုးညစ်ခြင်းများအတွက် တာဝန်မရှိဘဲ နေနိုင်တော်မူခြင်းသည် လျှို့ဝှက်ဆန်းကြယ်မှုဖြစ်ပါသည်။ သူ၏ရည်ရွယ်ချက်အတိုင်း ခေါ်ထားသော မိမိလူတို့၏ကယ်တင်ခြင်းအတွက်နှင့် သူ့ကိုချစ်သောသူများအတွက် ကောင်းဖို့ချည်းကိုဖြစ်စေဖို့ အရာခပ်သိမ်းကို အစိုးရတော်မူစွာ အသုံးပြုခြင်းသည် အံ့သြစရာကောင်းလှပါသည်။ ထိုအရာတို့ကို သူ့လူများ၏အပြစ်များအတွက် ဝေဒနာခံစားလျက်၊ အသေခံပေးပြီး၊ သေခြင်းမှပြန်ထလာသူ သခင်ခရစ်တော်အတွက်ကြောင့် လုပ်ခြင်းဖြစ်ပါသည်။

## စောင်မတော်မူခြင်းနှင့် အားလုံးနှင့်သက်ဆိုင်သောကျေးဇူးတော်အကြောင်း
## (Providence and "Common Grace")

မိမိ၏စောင့်မတော်မူခြင်းဖြင့် ဘုရားသခင်သည် သူ၏ဖန်ဆင်းခံများအားလုံး၏ လိုအပ်ချက်များကို ပံ့ပိုးတော်မူပါသည်(တမန် ၁၇း၂၅)။ ဆိုလိုသည်မှာ ဘုရားသခင်က ဆိုးညစ်သူ(မယုံကြည်သူ)တို့ထံ ကောင်းသောအရာများကို ပေးတော်မူပါသည်၊ မိုးရွာခြင်း နေသာခြင်းတို့သာမကပါ၊ အစားအစာ၊ နားခိုစရာ၊ အသက်ရှင်ခြင်း စသည်တို့ကိုလည်း ပေးထားပါသည်၊ ထို့အပြင် တွေးခေါ်နိုင်သောစိတ်၊ လိုအင်ဆန္ဒနှင့် ဝိညာဉ်တို့ကိုလည်း ပေးတော်မူပါသည်။

ထိုအချက်များကိုကြည့်လျက် လူအများက ဘုရားသခင်သည် လူဆိုး(မယုံကြည်သူ)တို့ကို ချစ်သည်၊ သူတို့အပေါ် ကျေးဇူးတော်ကို ထားသည်ဟု ကောက်ချက်ချတတ်ကြပါသည်။ ထိုအရာများကို "အားလုံးနှင့်ဆိုင်သောကျေးဇူးတော်"ဟု ခေါ်ကြပါသည်။ လူသားအားလုံးအတွက်ထားရှိသော ကျေးဇူးတော်၊ လူဆိုး(မယုံကြည်သူ)တို့ကို ကယ်တင်ခြင်းသို့ရောက်အောင် ခေါ်သွားသောကျေးဇူးတော်တော့ မဟုတ်၊ သို့သော် သူတို့ကို ဘုရားသခင်က မျက်နှာသာပေးကြောင်း၊ ချစ်မြတ်နိုးကြောင်းတို့ကို ပြနေသောသက်သေများဖြစ်ကြသည်ဟု ပြောကြပါသည်။ အားလုံးနှင့်ဆိုင်သော စောင့်မတော်မူခြင်းသည်၊ အားလုံးနှင့်ဆိုင်သောကျေးဇူးတော်နှင့် အတူတူမဟုတ်ပါ၊ ၄င်းတို့ကို မရှုပ်ထွေးသင့်ပါ။ ကျမ်းစာကလည်း ထို ဘုရားသခင်၏အားလုံးနှင့်ဆိုင်သောစောင်မတော်မူခြင်းကို "ကျေးဇူးတော်"ဆိုသောစကားလုံးနှင့် မည်သည့်အခါတွင်မျှ အသုံးမပြုပါ။

ထိုသို့ပြောသောကြောင့် ဆိုးညစ်သူ(မယုံကြည်သူ)တို့အပေါ် ဘုရားသခင်ပေးသော လက်ဆောင်များသည် မကောင်းသောအရာများဖြစ်သည်ဟု ပြောနေခြင်းမဟုတ်ပါ (ယာကုပ် ၁း၁၇)။ ဘုရားသခင်က သူတို့ကို ကောင်းသောအရာများပေးသောကြောင့် သူတို့ကိုချစ်တော်မူသည် (သို့) သူတို့အပေါ် ကျေးဇူးတော်ထားရှိသည်ဟု ပြော၍မရပါ။ ဘုရားသခင်က လူဆိုး(မယုံကြည်သူ)တို့ကို ကောင်းသောအရာများပေးသည်ဟုပြောခြင်းသည် ဘာကြောင့် ထိုကောင်းသောလက်ဆောင်များကို ပေးရသည်ဟု ပြောခြင်းမဟုတ်သေးပါ။ ကျမ်းစာက လူဆိုး(မယုံကြည်သူ)တို့ကို ဘုရားသခင်က ကောင်းသောအရာလက်ဆောင်များပေးရခြင်းတွင် ချစ်၍၊ ဂရုဏာထား၍မဟုတ်ဘဲ အခြားအကြောင်းအရာရှိသည်ဟု သေချာစွာရှင်းပြပါသည်။ ဘုရားသခင်က ထိုကောင်းသောအရာလက်ဆောင်များကို မိမိ၏အမျက်ဒေါသမှနေ၍ ပေးခြင်းဖြစ်သည်၊ သူတို့အတွက် ကျော့ကွင်းများဖြစ်အောင်ပေးခြင်းဖြစ်ပါသည်(ဆာလံ ၁၁း၅၊ သုတ္တံ ၁၄း၃၅၊ ရောမ ၁၁း၉)။ ကျိန်ခြင်းအမင်္ဂလာအဖြစ်ပေးသည် (သုတ္တံ ၃း၃၃)။ သူတို့ပျက်စီးခြင်းသို့ရောက်ကြရန် ပေးခြင်းဖြစ်ပါသည်(ဆာလံ ၉၂း၉)။ ထိုကောင်းသောအရာလက်ဆောင်များအားဖြင့် ဘုရားသခင်က သူတို့ကို ချော်နေသော ဆင်ခြေလျှောများပေါ်သို့ရောက်စေလျက်၊ ပျက်စီးခြင်းထဲသို့ လျှောကျသွားစေပါသည်(ဆာလံ ၇၃း၃–၇၊ ၁၈)။ လူဆိုး(မယုံကြည်သူ)တို့က ထိုလက်ဆောင်များကို သုံးကြကာ ဘုရားသခင်အားဆန့်ကျင်လျက် အပြစ်ပြုကြခြင်းတွင် ဤအမှန်တရားကို ရှင်းစွာမြင်နိုင်ပါသည်။ မိမိတို့ကိုယ်ကို အပြစ်စီရင်ခံထိုက်သူများ ဖြစ်လာစေကြသည်။

ထို့အချက်မှန်ကန်ဖို့အတွက် ကျမ်းစာက ကျွန်တော်တို့ကို မိမိတို့ရန်သူများအားလည်း ကောင်းစွာပြုမူဆက်ဆံကြရန်ပြောပြပါသည်၊ ဘုရားသခင်ကို အတုယူလျှက် ထိုသို့ပြုရန်ပြောပါသည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့က သူတို့ကို ကောင်းစွာဆက်ဆံကြသော်လည်း ထိုသူတို့က နောင်တမရ၊ မပြောင်းလဲဘဲနေကြလျှင်၊ ကျွန်တော်တို့က သူတို့အပေါ်ပြုကြသော ကောင်းမြတ်ခြင်းများသည် သူတို့အပြစ်စီရင်ခြင်းခံရဖို့ အကြောင်းအရာများ ဖြစ်လာတော့မည်ဖြစ်သည်(ရောမ ၁၂း၂၀၊၂၁)။

ပေးလိုက်သောလက်ဆောင်က ကောင်းသောအရာဖြစ်နေလျှက် အထက်ကပေါ်ပြသောအကြောင်းအရင်းများနှင့်ပေး၍ရသည်ဆိုခြင်းက ကျွန်တော်တို့ကို မအံ့သြစေသင့်ပါ။ အဘယ်ကြောင့်ဆိုသော် အဖေတယောက်က မိမိ၏ကလေးငယ်ကလေးအား ထက်မြနေသောသားလှီးဓါးတချောင်းကို ပေးလျှင် – မီးဖိုချောင်အတွက်တော့ အင်မတန်အသုံးဝင်ပါသော်လည်း – ကျွန်တော်တို့အတွက် ထိုသို့ကောင်းမြတ်သောအရာကို ပေးခြင်းသည် ချစ်၍၊ သနား၍ ဟုတ်ပါမည်လောဟု တွေးမိကြမည်အမှန်ဖြစ်သည်။ ထိုကလေးက မိမိကိုယ်မိမိ ဒုက္ခပေးဖို့ အမှန်ပင်သုံးတော့မည်ဖြစ်ပါသည်။ ထိုသို့ပင် လူဆိုး(မယုံကြည်သူ)တို့လည်း ဘုရားသခင်၏ကောင်းသောလက်ဆောင်များကို အသုံးပြုကြပါသည်။

အားလုံးနှင့်ဆိုင်သောကျေးဇူးတော်ဩဝါဒကို သင်ခြင်း၏ အကြီးဆုံးသောအန္တရယ်မှာ ဘုရားသခင့်ထံမှရရှိသော ကျွန်တော်တို့၏နှစ်သိမ့်မှုကို ဖျက်ဆီးပစ်ခြင်းဖြစ်ပါသည်။ အကယ်၍ မိုးရွာခြင်း၊ နေပူခြင်း၊ ကျန်းမာခြင်း၊ အသက်ရှင်ခြင်းတို့သည် ကျေးဇူးတော်များသာဖြစ်ခဲ့ပါလျှင်၊ ကျွန်တော်တို့ထံသို့ ဘုရားသခင်က ထိုအရာများ၏ ဆန့်ကျင်ဖက်ဖြစ်သည့် – ဖျားနာခြင်း၊ ဆင်းရဲခြင်း၊ မိုးခေါင်ခြင်း၊ သေဆုံးခြင်း – တို့ကို ပို့လိုက်သည်ဆိုလျှင် မည်သို့ပြောရတော့မည်နည်း? ထိုအရာများသည် ကျိန်ခြင်းအမင်္ဂလာများ ဖြစ်ကြပါသလော? ထိုသို့ဆိုလျှင် ဘုရားသခင်က ကျွန်တော်တို့ကို မုန်းတော်မူ၍ ပို့လိုက်ခြင်းဖြစ်သလော? “ကောင်းသောအရာများထဲတွင်”ကျေးဇူးတော်ရှိနေပါသည်ဆိုလျှင်၊ ထိုအရာများကို ဘုရားသခင်က ကျွန်တော်တို့ထံ မပေးသောအခါ၊ ကျွန်တော်တို့သည် သူ့ထံမှ ကျေးဇူးတော်ကို မရကြပါဟု ဆိုရမည်လော? ထိုသို့မဟုတ်ပါ၊ ဘုရားသခင်က သူ့လူများဖြစ်ကြသည့် ကျွန်တော်တို့ထံ ပို့လိုက်သည်မှန်သမျှသည် – ကျန်းမာခြင်းဖြစ်စေ၊ ဖျားနာခြင်းဖြစ်စေ၊ ဆင်းရဲခြင်းဖြစ်စေ၊ ကြွယ်ဝခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ သေခြင်းဖြစ်စေ – ချစ်တော်မူ၍ လွှတ်လိုက်ခြင်းများသာဖြစ်သည်၊ ကျေးဇူးတော်မှ လွှတ်လိုက်ခြင်းဖြစ်သည်၊ ကျွန်တော်တို့ ကောင်းဖို့ချည်းသာဖြစ်သည်ဟု သိရပါမည် (ရောမ ၈း၂၈)။ တချိန်ထဲတွင် ဘုရားသခင်က ထိုကောင်းသောအရာများကို လူဆိုး(မယုံကြည်သူ)တို့ထံ ပို့လိုက်သောအခါ၊ သူတို့၏ပျက်စီးရာသို့ ရောက်ဖို့အတွက် ပို့လိုက်ခြင်းဖြစ်ပါသည်။ ထိုသို့ဖြင့် ကျွန်တော်တို့ခံရသော ဝမ်းနည်းစရာများ၊ အခက်အခဲများကြားတွင် နှစ်သိမ့်မှုကို ရရှိကြမည်ဖြစ်သည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++++++

## ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၁၈)

**၇း၁–၈**

**၁ – ထို့နောက်မှ မြေကြီး၊ ပင်လယ်၊ သစ်ပင်များတို့၌ လေမလာစေခြင်းငှာ၊**
**ကောင်းကင်တမန်လေးပါးတို့သည် မြေ၏လေးမျက်နှာလေတို့ကို ကိုင်၍၊ မြေလေးမျက်နှာ၌ ရပ်နေသည်ကို**
**ငါမြင်၏။ ၂ – အသက်ရှင်တော်မူသော ဘုရားသခင်၏တံဆိပ်ပါသော ကောင်းကင်တမန်တပါးသည်**
**အရှေ့မျက်နှာ က တက်လာသည်ကို ငါမြင်၏။ သူသည်လည်း မြေနှင့်ပင်လယ်ကို**
**ညှင်းဆဲရသောအခွင့်ရှိသော ကောင်းကင်တမန်လေးပါးကို အသံလွှင့်၍၊ ၃ – ငါတို့ ဘု ရားသခင်၏**
**ကျွန်တို့ကို နဖူး၌ တံဆိပ်မကပ်မှီတိုင်အောင်၊ မြေ၊ ပင်လယ်၊ သစ်ပင်တို့ကို မညှဉ်းဆဲပါနှင့်ဟု**
**ကြီးသောအသံနှင့် ကြွေးကြော်လေ၏။ ၄ – တံဆိပ်ခတ်ခြင်းကို ခံရသောသူအရေအတွက်ကို ငါကြား၍၊**
**ဣသရေလအမျိုးသားတို့၌ အသီးအသီးသောအမျိုးအနွယ်ထဲက လူတသိန်းလေး သောင်းလေးထောင်တို့သည်**
**တံဆိပ်ခတ်နှိပ်ခြင်းကို ခံရကြ ၏။ ၅ – ယုဒအမျိုးထဲက တသောင်းနှစ်ထောင်၊ ရုဗင်အမျိုးထဲက**
**တသောင်းနှစ်ထောင်၊ ဂဒ်အမျိုးထဲက တသောင်းနှစ်ထောင်၊ ၆ – အာရှာအမျိုးထဲက တသောင်းနှစ်ထောင်၊**
**နာသလိအမျိုးထဲက တသောင်းနှစ်ထောင်၊ မနာရှေ အ မျိုးထဲက တသောင်းနှစ်ထောင်၊ ၇ –**
**ရှိမောင်အမျိုးသားထဲက တသောင်းနှစ်ထောင်၊ လေဝိအမျိုးထဲက တသောင်းနှစ်ထောင်၊ ဣသခါ အမျိုးထဲက**

တသောင်း နှစ်ထောင်၊ ၈ – ဇာဗုလုန်အမျိုးထဲက တသောင်းနှစ်ထောင်၊ ယောသပ်အမျိုးထဲက တသောင်းနှစ်ထောင်၊ ဗယ်္ယာမိန် အမျိုးထဲက တသောင်းနှစ်ထောင် တို့သည် တံဆိပ်ခတ်နှိပ်ခြင်းကို ခံရကြ၏။

## တစ်သိန်းလေးသောင်းလေးထောင်ကို တံဆိပ်ခတ်ခြင်း

၁။ ဆဋ္ဌမတံဆိပ်ကို ဖွင့်ပြီးသောအခါ၊ အသစ်သောဗျာဒိတ်ဖွင့်ပြချက်များကို ပေးသည်။ သတ္တမတံဆိပ်ကို အခန်း(၈) မှဖွင့်သည်။ ဤနေရာတွင် ဗျာဒိတ်နှစ်ခုကို တွဲ၍ပြောပြပါသည်။ ထိုဗျာဒိတ်များသည် ခုနှစ်ခုမြောက်တံဆိပ်ဖွင့်ဖို့ နီ ဒါန်းပျိုးခြင်းဖြစ်သည်။

ယောဟန်က ကောင်းကင်တမန်လေးပါး ကမ္ဘာကြီး၏ထောင့်လေးထောင့်၌ ရပ်နေကြကာ၊ လေးမျက်နှာလုံးကို ကိုင် လျှက်၊ မြေကြီး၊ ပင်လယ်နှင့်သစ်ပင်များတို့ထံ လေမတိုက်ရန်ထိန်းထားသည်ကို တွေ့မြင်ပါသည်။ ကောင်းကင်တ မန်လေးပါးကို အမှုဆောင်ပေးသောဝိညာဉ်များအဖြစ် တွေ့ရခြင်းဖြစ်သည်။ ဘုရားသခင်က ကမ္ဘာကြီးအပေါ် ချမှတ် သော တရားစီရင်ခြင်းများကို အကောင်အထည်ဖေါ်ကြသူများဖြစ်သည်။ "လေး"ဆိုသော နံပတ်က သူတို့၏စကြ်ဝဠာတခုလုံးအပေါ် လွှမ်းမိုးခြင်းကို ပြောနေပါသည်။ သဘာဝလောကကြီးတခုလုံးကို ထိန်းထားကြောင်းပြောနေခြင်း ဖြစ်သည်။

၂။ နောက်ထပ်ကောင်းကင်တမန်တပါး ဆင်းလာကြောင်းကို ဆက်ပြောသည်။ ၎င်းသည်လည်း ရိုးရိုးကောင်းကင်တ မန်ဖြစ်သည်၊ ခရစ်တော်မဟုတ်ပါ။ ထိုကောင်းကင်တမန်သည် ဘုရားသခင်၏ အထူးစေခိုင်းချက်နှင့်လာရောက်ခြင်း ဖြစ်သည်။ သူ့ထံတွင် ဘုရားသခင်၏တံဆိပ်ပါသည်။ ထိုတံဆိပ်က ပိုင်ဆိုင်ခြင်း၊ လုံခြုံခြင်း၊ ဖျက်ဆီး၍မရခြင်းတို့ ကိုပြောခြင်းဖြစ်သည်။ ဘုရားသခင်သည် မိမိကိုယ်မိမိ၌ အသက်ရှိသူဖြစ်သည်။ သူ့အစေခံများထံ အသက်ကိုပေးနိုင် သလို၊ စောင့်ရှောက်ထိန်းသိမ်းပေးနိုင်ပါသည်။ ထို့ကြောင့် တံဆိပ်ဆိုသည်က ဤနေရာတွင် ဘုရားသခင်၏လုပ်ကိုင် မှုကို ပြောပါသည်။

ထိုကောင်းကင်တမန်က အခြားကောင်းကင်တမန်လေးပါးကို၊ စကြ်ဝဠာကမ္ဘာကြီးအား မထိခိုက်သေးနှင့်ဟု ကျယ် သောအသံနှင့်ပြောသည်ကိုတွေ့ရသည်။ ကမ္ဘာဖျက်မည့်စွမ်းအားများကိုမလွှတ်ခင် ဘုရားသခင့်လူများကို တံဆိပ်ခတ် နှိပ်ရဦးမည်ဖြစ်သည်။ ကောင်းကင်တမန်က "ငါတို့"ဟုပြောသောကြောင့် သူ့ထံတွင် အဖေါ်များပါလာကြသည်ဟု နားလည်နိုင်သည်။ သူတို့တံဆိပ်ခတ်နှိပ်သောသူများကို "ဘုရားသခင့်အစေခံများ"ဟုပြောသဖြင့် ဘုရားသခင့်အလို တော်အတိုင်းနေကြသူများကို ပြောနေပါသည်။ တံဆိပ်ကို နဖူးတွင် နှိပ်ရမည်ဆိုခြင်းသည်၊ စိတ်ရှိရာနေရာ၊ အသိပညာရှိရာနေရာကိုဆိုလိုသည်။

တံဆိပ်ခတ်နှိပ်ခြင်းဆိုသည်မှာ ဘုရားသခင့်အစေခံများသည် လုံခြုံစွာနေရမည်ဟုဆိုလိုသည်။ မကြာမီရောက်လာ တော့မည့် ကြောက်ရွံ့ထိတ်လန့်စရာများကြားတွင် လုံခြုံစိတ်ချစွာ ဆက်လက်ရှင်သန်နိုင်မည်။ သူတို့၏ ကိုယ်ခန္ဓာ များကို ဒုက္ခမပေးနိုင်ဟုပြောနေခြင်းမဟုတ်ပါ။ ဝိညာဉ်ရေးရာကိုပြောနေသည်၊ ယုံကြည်သူတို့၏ဝိညာဉ်ရေးရာအ သက်တာကို လုံခြုံစေမည်၊ အဆုံးတိုင်အောင် ဆက်ရှိစေမည်ဟု ဆိုလိုခြင်းဖြစ်သည်။

၃။ ကောင်းကင်တမန်များက တံဆိပ်ခတ်နှိပ်သောအရေအတွက်မှာ ၁၄၄၀၀၀ ဖြစ်သည်။ ၁၂ သည် ဘုရားသခင့်လူ များ၏ နံပတ်ဖြစ်သည်။ အစ္စရေး ၁၂ မျိုး၊ ဓမ္မဟောင်းဖခင်ကြီးများ ၁၂ ယောက်၊ တမန်တော် ၁၂ ပါး၊ အသက်ကြီး သူ ၂၄ ယောက် စသဖြင့်။ ၁၂ သည် ရွေးကောက်ခြင်း နံပတ်ဖြစ်သည်၊ ၃ × ၄ = ၁၂ ဖြစ်သည်။ ၁၂ × ၁၂ = ၁၄၄ ဖြစ်သည်၊ နိုင်ငံတိုင်းရှိ ဘုရားသခင်ရွေးကောက်သောသူများကို ပုံဆောင်သည်။ ၁၀ ဆိုသည်မှာ ပြည့်စုံခြင်းနံပတ် ဖြစ်သည်။ ၁၀၀၀ ဆိုသည်မှာ လူအုပ်ကြီးကို ဆိုလိုသည်။ အစ္စရေးလူမျိုးများထဲမှဟု ပြောသောကြောင့် ဂျူးလူမျိုး များထဲမှဟု မထင်ပါနှင့်။ ရွေးကောက်ခြင်းခံရသူများကို ပုံဆောင်သောနာမည်ဖြစ်သည်။

ဂျူးများကိုမဆိုလိုကြောင်း၊ ရေတွက်သောအမျိုးများထဲတွင် “ဒန်”အနွယ်မပါပါ၊ “လေဝိ”အနွယ်ကျတော့ ပါစေပြန် သည်။ “ယောသပ်အနွယ်”ဟု မရှိသောအနွယ်ကိုပါစေသည်၊ “မနာရှေ”အနွယ်ကိုပါစေပြီး “ ဖေရိန်”အနွယ်ကို မပါ စေပြန်၊ ထို့ကြောင့် သာမန်ဂျူးများကို ပြောနေခြင်းမဟုတ်၊ ကမ္ဘာ့နိုင်ငံများထဲမှ ဘုရားသခင်၏ရွေးကောက်ခြင်းခံရသူ များကို ပုံဆောင်ခြင်းဖြစ်သည်။ အသင်းတော်ကို ပြောနေခြင်းဖြစ်သည်။ အချိန်တိုင်း၌ မြေကြီးပေါ်ရှိနေသည့် သခင် ခရစ်တော်၏အသင်းတော်ကို ပုံဆောင်ခြင်းဖြစ်သည်။

==================================================

ဟေဗြဲ ၃း၁၄–၁၉ (ဂျိန်းဘုရင်မှ)
၁၄– အဘယ်ကြောင့်ဆိုသော် ငါတို့သည် ခရစ်တော်ကို ပါဝင်ဆက်ဆံခွင့်ရသူများဖြစ်ကြ၍၊ ငါတို့၏ယုံကြည်စိတ်ချခြင်း အစပျိုးမှုကို အဆုံးတိုင်အောင် ခိုင်မာစွာ ကိုင်ဆွဲကြမည်ဖြစ်သည်။
၁၅ – ယနေ့တွင် သင်တို့သည် သူ၏အသံကိုကြားသည်ဖြစ်လျှင်၊ အမျက်ထွက်စေချိန်ကကဲ့သို့ သင်တို့၏နှလုံးသားများကို မမာစေကြပါနှင့်။
၁၆ – အချို့သောသူတို့သည် ကြားသောအခါ အမျက်ထွက်စေကြပါသည်၊ သို့သော် အားလုံးသည် မောရှေနှင့်အတူ အီဂျစ်ပြည်မှထွက်လာခဲ့ကြပါသည်။
၁၇ – သို့သော် သူသည် နှစ်လေးဆယ်လုံးလုံး မည်သူတို့ကို စိတ်နာ ခဲ့ပါသနည်း? အပြစ်ပြုခဲ့ကြသူတို့အပေါ် မဟုတ်လော? သူတို့၏အလောင်းများသည် သဲကန္တာရထဲတွင် ပြန့်ကျဲနေသည် မဟုတ်လော?
၁၈ – မိမိ၏အနားယူခြင်းထဲသို့ သူတို့သည်မဝင်ရဟု မည်သူတို့အပေါ် ကျိန်ခဲ့ပါသနည်း? မယုံကြည်ခဲ့ကြသူတို့ထံတွင် မဟုတ်လော?
၁၉ – ထို့ကြောင့် သူတို့သည် မယုံကြည်ခဲ့ကြသောကြောင့် မဝင်နိုင်ခဲ့ကြခြင်းကို ငါတို့ တွေ့နိုင်ပါသည်။